**၁၆။ ဆဋ္ဌသံဂါယနာ၌ အဖြေ (ဝိသဇ္ဇက)တာဝန် ရဲရဲတောက် ရွက်ဆောင်တော်မူခြင်း**

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ မဟာစည်ဆရာတော် အရှင်သောဘဏ မေးသမျှသော ပုစ္ဆာတိုင်းကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသသည် စာအုပ်ကြည့်၍ ဖြေဆိုနေဘိအလား စဉ်းစားနေရခြင်း မရှိမူ၍ သာယာငြိမ့်ညောင်း အသံနေ အသံထားကောင်းကောင်းဖြင့် မဆိုင်းမတွ ဖြေဆိုတော်မူခဲ့ပါသည်။


နာကြားရသူ ရဟန်းရှင်လူ ပြည်သူအပေါင်းမှာ မအံ့သြဘဲ မနေနိုင်၊ မကြည်ညိုဘဲ မနေနိုင်အောင် ဖြစ်ကြရပြီး (စာအုပ်မကြည့်ဘဲ ဖြေတာ မဟုတ်နိုင်ပါ) ဟု သံသယရှိသူများမှာ စုံစမ်းကြည့်တော့မှ စာအုပ်မကြည့်ဘဲ ဖြေဆိုမှန်းသိသောအခါ အထူးလွန်ကဲစွာ အံ့သြကြည်ညိုမှု ဖြစ်ခဲ့ကြရပါသည်။

သာသနာနှစ် ၂၄၉၈ မှ ၂၅၀၀ ပြည့်အထိ (ကောဇာ သက္ကရာဇ် ၁၃၁၆ မှ ၁၃၁၈ အထိ) သန္နိပါတ (၅)ကြိမ် ကျင်းပပြုလုပ်သည့် ပါဠိတော် သံဂါယနာ၌ ပါဠိတော်အဖြေ (ဝိသဇ္ဇက)အဖြစ်လည်းကောင်း။

၁၃၁၈ ခုနှစ် နတ်တော်လပြည့်ကျော် (၉)ရက်နေ့မှစ၍ ၁၃၂၀ ခုနှစ် တပေါင်းလဆန်း ၆ ရက်နေ့အထိ သန္နိပါတ (၄)ကြိမ် ကျင်းပပြုလုပ်သည့် အဋ္ဌကထာ သံဂါယနာ၌ အဖြေ(ဝိသဇ္ဇက)အဖြစ်လည်းကောင်း၊

၁၃၂၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့မှစ၍ ၁၃၂၃ ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက်နေ့အထိ သန္နိပါတ (၂)ကြိမ် ကျင်းပြုလုပ်သည့် ဋီကာသံဂါယနာ၌ အဖြေ (ဝိသဇ္ဇက)အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပါသည်။

သီဟိုဠ်ရဟန်းတော်တို့က (လင်္ကာဒီပေပိ နတ္ထိ၊ ဇမ္ဗူဒီပေပိ နတ္ထိ။ ဤအရှင်ဝိစိတ္တသာရာဘိဝံသလို ပုဂ္ဂိုလ်မျိုး၊ သီဟိုဠ် သီရိလင်္ကာမှာလည်း မရှိ ဇမ္ဗူဒိပ်မှာလည်း မရှိ) ဟု ချီးကျူးအံ့သြစကား ဆိုခဲ့ကြပါသည်။



(၁၆) ဆဋ္ဌသံဂါယနာသဘင်၌ မဟာစည်ဆရာတော်ကြီး မေးသမျှကို
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဖြေဆိုနေပုံ

## ၃၇။ ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်မြတ်ကြီး

ကမ္ဘာပေါ်၌ ထင်ရှားကျော်ကြားသည့် ၁၉၈၅ ခုနှစ်တွင် ထုတ်ဝေသော (ဂင်းနစ် ကမ္ဘာတွင် စံပြုထားသောမှတ်တမ်းများ (ခ) ကမ္ဘာ့စံချိန်များ) စာအုပ်၏စာမျက်နှာ (၁၆) ၌ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား ကမ္ဘာပေါ်၌ မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်မြတ်ကြီးအဖြစ် ဖော်ပြခြင်း ခံရပါသည်။

ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ဖြစ်ရခြင်းအကြောင်းမှာ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည်

ဝိနည်း ပိဋက စာအုပ်ရေ (၅) အုပ်၊ စာမျက်နှာ (၂၂၆၀)

အဘိဓမ္မာပိဋက စာအုပ်ရေ (၁၂) အုပ်၊ စာမျက်နှာ (၄၉၈၈)


သုတ္တန်ပိဋက စာအုပ်ရေ (၃) အုပ်၊ စာမျက်နှာ (၇၇၉)

စုစုပေါင်း ပါဠိတော် စာအုပ်ရေ (၂၀) အုပ် စုစုပေါင်းစာမျက်နှာ (၈၀၂၇) ရှိ ပိဋကတ်သုံးပုံကို အထောက်အမ လွတ်ကင်းစွာဖြင့် အလွတ်အာဂုံ ပြန်ဆိုတော်မူနိုင်ခြင်းကြောင့်လည်းကောင်း၊

၎င်းပါဠိတော်အုပ်ရေ (၂၀)အုပ်၏ အဖွင့်ဖြစ်သည့် အဋ္ဌကထာစာအအုပ် (၁၃) အုပ်၊ စာမျက်နှာ (၅၁၇၄)၊

၎င်းအဋ္ဌကထာ စာအုပ်ရေ (၁၃) အုပ်၏ အဖွင့်ဖြစ်သည့် ဋီကာ၊ အနုဋီကာ စာအုပ်ရေ (၂၃) အုပ် စာမျက်နှာ (၈၇၄၆)

စုစုပေါင်း စာအုပ်ရေ (၃၆) အုပ်၊ စုစုပေါင်း စာမျက်နှာ (၁၃၉၂၀) တို့မှ မည်သည့်စာကိုဖြစ်စေ၊ မေးသမျှ ဖြေဆိုနိုင်သောကြောင့် လည်းကောင်း ကမ္ဘာ့မှတ်ဉာဏ် အကောင်းဆုံး ပုဂ္ဂိုလ်ဖြစ်ရခြင်း ဖြစ်ပါသည်။




(၃၇)။ အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော THEGUINNESS BOOK OF RECORDS 1985 ကမ္ဘာကျော်စာအုပ်ပုံနှင့်

ယင်းစာအုပ် စာမျက်နှာ (၁၆) ၌ ပါရှိသော စာ နှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးပုံ